ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၁၉ /၂၀၂၀

၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်)

ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၄၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ကောက်ခံရရှိသည့်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်ခြင်းတို့အတွက် သတင်းပေးတင်ပြသူက အထောက်အထားဖြင့် သတင်းပေးချက်အရ ဖော်ထုတ်ရရှိခြင်းဖြစ်ပါက သတင်းပေးတင်ပြသူအားလည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၃၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။

(ခ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသောကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် သတင်းပေးတင်ပြသူက အထောက်အထားဖြင့် သတင်းပေးတင်ပြလာ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို စစ်ဆေးတွေ့ရှိသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက ၃၀ ရာခိုင်နှုန်းကို စစ်ဆေးတွေ့ရှိသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။

၂။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရ။

၃။ ဤအမိန့်ကြော်ငြာစာသည် ၁-၁၀-၂၀၁၉ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၉၉ /၁၆၅ -အဖရ(ဆုကြေးငွေ)/(၄/၂၀၂၀)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၆ ရက်။

မြန်ဝေဖြင့်

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ (၁) ဦးစီးရုံး
ဒုတိယသမ္မတ (၂) ဦးစီးရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန

} မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

မြတ်မင်း
ညွှန်ကြားရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး